# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
## (၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက် ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ(၄၃၄)ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၄၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၅၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး မတက်ရောက်နိုင် တဲ့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း၊ လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ( ၄၃၄)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကော်မတီ လေးရပ်နဲ့ အခြားကော်မတီ၊ ကော်မရှင်များ၊ အဖွဲ့များဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ လွှတ်တော်ကော်မတီ လေးရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နဲ့ ၂၂၊ နည်းဥပဒေ ၃၃ နဲ့ ၄၇ တို့အရ၊ ပြည်သူ့ငွေစာရင်းကော်မတီကို ၁၅ ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာ ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေကို လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူ ဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၉ အရ ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းအတိုင်း ဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုတော့ သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့ အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်တော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့မှာ ပြည်သူ့ငွေစာရင်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးပြီး ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် အခွင့်အရေးများကို သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာဘဲ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နဲ့ အညီ ကော်မတီရဲ့တာဝန် ၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်တဲ့အတွက် ဆောင်ရွက်ရမယ့် ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ က ဆက်လက်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၇ နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းမည့် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကော်မတီရဲ့ ရပိုင်ခွင့်နဲ့ အခွင့်အရေးများနှင့် ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏ တာဝန်များမှာ**

ကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားသည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ၊ မရှိ ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိ နှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ တို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက် စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရန်တာဝန်ရှိသည် -

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးစွဲငွေ တစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ညီညွတ်မှု မရှိခြင်း၊

(၃) သက်ဆိုင်ရာဌာန ၊အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေ သုံးစွဲပုံနည်းလမ်းအားနည်းချက်များကို စိစစ်တွေ့ရှိခြင်း၊

(၄) ပြည်ထောင်စုလွှတ်တော်သို့တင်ပြပေးရန်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အတိုင်း ပြုလုပ်ရသည့် စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကိုစစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

ကော်မတီက စိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့် စပ်လျဉ်း၍ ကော်မတီသည် -

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်မှ တဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည် ။

( ခ) ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည် ။

( ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု ပြည်သူ့လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည် ။

(ဃ) သက်ဆိုင်ရာဌာန ၊အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည် ။

သာမန်အားဖြင့် အထက်ဖော်ပြပါ အပိုဒ်တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း ၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို ။

( ခ) ကော်မတီဝင်များသည် ကိစ္စ တစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည် ။

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း ၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည် ။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များကတော့ -**

ကော်မတီအစည်းအဝေးများကိုပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည် ။

ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း၊ ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့ တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူ ကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက် များရှိပါက ထို ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လေးရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က သတ်မှတ်သည့် နေ့တစ်နေ့ တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းရမည် ။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့် မရှိ ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည် ။

ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော် ဥက္ကဋ္ဌ များ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည် ။

ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေး ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည် ။

( ခ ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည် ။

( ဂ ) ကော်မတီဝင် အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ထံ တင်ပြနိုင်ခွင့်ရှိသည် ။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -**

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ဟု ဖော်ပြထားပါကြောင်း ဖတ်ကြားတင်ပြရင်း နိဂုံးချုပ်ပါတယ်။

## ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေး ခေတ္တရပ်နားခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို ဖတ်ကြားရှင်းလင်း တင်ပြပြီးဖြစ်ပါတယ်။ ယခု ပြည်သူ့ငွေစာရင်းကော်မတီမှာ ထည့်သွင်းဖွဲ့စည်းရန် လျာထားတဲ့အမည်စာရင်းကို ကြေညာပါ့မယ်။

| | | |
|---|---|---|
| (၁) | ဦးစိုင်းသီဟကျော် | မိုင်းရယ် မဲဆန္ဒနယ် |
| (၂) | ဦးမန်းမောင်မောင်ဉာဏ် | ပန်းတနော် မဲဆန္ဒနယ် |
| (၃) | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် |
| (၄) | ဦးခွန်မောင်သောင်း | ပင်လောင်း မဲဆန္ဒနယ် |
| (၅) | ဦးခွန်လိန်း | ဖလမ်း မဲဆန္ဒနယ် |
| (၆) | ဦးသူရိန်ဇော် | ကော့ကရိတ် မဲဆန္ဒနယ် |
| (၇) | ဦးမောင်တိုး | မင်းလှ မဲဆန္ဒနယ် |
| (၈) | ဦးစိုးမြင့် | ညောင်လေးပင် မဲဆန္ဒနယ် |
| (၉) | ဦးကြည်သာ | ဂွ မဲဆန္ဒနယ် |
| (၁၀) | ဦးအောင်မြသန်း | ညောင်တုန်း မဲဆန္ဒနယ် |
| (၁၁) | ဦးဟောက်ခန့်မန် | တွန်းဇံ မဲဆန္ဒနယ် |
| (၁၂) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်း မဲဆန္ဒနယ် |
| (၁၃) | ဒေါက်တာဝင်းမြင့် | လှိုင် မဲဆန္ဒနယ် |
| (၁၄) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရော မဲဆန္ဒနယ် |
| (၁၅) | ဦးဇော်ထွန်း | မိုးမောက် မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။ |

အမည်စာရင်းပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ခေတ္တရပ်နားချိန်မှာ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမဆောင် ဒုတိယထပ်မှာရှိတဲ့ ပြည်သူ့လွှတ်တော် ရုံးခန်းကို လာရောက်ကြဖို့ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အမည်စာရင်းမှာ ပါရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်၏ ကိုယ်စားပြုပါတီ အသီးသီးမှ ကိုယ်စားလှယ်နှစ်ဦးစီကိုလည်း အထက်ပါ နေရာကို လာရောက်နိုင်ပါရန် ဖိတ်ကြားပါတယ်။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မယ့် လွှတ်တော် ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် လွှတ်တော်အစည်းအဝေးကို မိနစ်(၃၀)ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် မစတင်မီ လူခေါ်ခေါင်းလောင်းအသံရှည်တီးချိန်မှာ အစည်းအဝေးခန်းမအတွင်း ပြန်လည်နေရာယူကြ ရန်ဖြစ်ပါတယ်။ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းရန် (၃၀) မိနစ်ခန့် ရပ်နားမှာ ဖြစ်တဲ့အတွက် အစည်းအဝေးပြန်လည်စတင်ပြီး ယနေ့ အစည်းအဝေး အစီအစဉ်အားလုံး ပြီးဆုံးမှသာ နေ့လယ်စာ စားသုံးကြရန် ဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်များ အားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား ။

**အချိန်၊ ၁၁း၁၇။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီး ကြွရောက်လာပါပြီခင်ဗျား ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နဲ့ ၄၇ တို့အရ ပြည်သူ့ငွေစာရင်း ကော်မတီကို (၁၅)ဦးထက် မပိုသော လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပြည်သူ့ငွေစာရင်း ကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ အမည်စာရင်း တွေကတော့-

| | | |
|---|---|---|
| (၁) | ဦးစိုင်းသီဟကျော် | မိုင်းရယ် မဲဆန္ဒနယ် |
| (၂) | ဦးမန်းမောင်မောင်ဉာဏ် | ပန်းတနော် မဲဆန္ဒနယ် |
| (၃) | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် |
| (၄) | ဦးခွန်မောင်သောင်း | ပင်လောင်း မဲဆန္ဒနယ် |
| (၅) | ဦးခွန်လိန်း | ဖလမ်း မဲဆန္ဒနယ် |
| (၆) | ဦးသူရိန်ဇော် | ကော့ကရိတ် မဲဆန္ဒနယ် |
| (၇) | ဦးမောင်တိုး | မင်းလှ မဲဆန္ဒနယ် |
| (၈) | ဦးစိုးမြင့် | ညောင်လေးပင် မဲဆန္ဒနယ် |
| (၉) | ဦးကြည်သာ | ဝ မဲဆန္ဒနယ် |
| (၁၀) | ဦးအောင်မြသန်း | ညောင်တုန်း မဲဆန္ဒနယ် |
| (၁၁) | ဦးဟောက်ခန့်မန် | တွန်းဇံ မဲဆန္ဒနယ် |
| (၁၂) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်း မဲဆန္ဒနယ် |
| (၁၃) | ဒေါက်တာဝင်းမြင့် | လှိုင် မဲဆန္ဒနယ် |
| (၁၄) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရော မဲဆန္ဒနယ် |
| (၁၅) | ဦးမိုးဇော်ဟိန်း | ကသာ မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။ |

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် လျာထားသည့် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းချက်အရ မိုးမောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်းအစား ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းအား ပြင်ဆင်ဖွဲ့စည်းပါသည်။ **]**

**ဥက္ကဋ္ဌ။** ။ပြည်သူ့ငွေစာရင်းကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်အား လည်းကောင်း ၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးအား လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းကြောင်းကြေညာခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်း ကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။ ပြည်သူ့ ငွေစာရင်းကော်မတီ ဖွဲ့စည်းရန် တင်ပြချက်ကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မင်းလှ မဲဆန္ဒနယ်မှ ဦးမောင်တိုးအား လည်းကောင်း၊ အဖွဲ့ဝင်များမှာ -

( ၁ ) ဦးစိုင်းသီဟကျော်

( ၂ ) ဦးမန်းမောင်မောင်ဉာဏ်

( ၃ ) ဒေါ်တင်နွယ်ဦး

( ၄ ) ဦးခွန်မောင်သောင်း

( ၅ ) ဦးခွန်လိန်း

( ၆ ) ဦးစိုးမြင့်

( ၇ ) ဦးကြည်သာ

( ၈ ) ဦးအောင်မြသန်း

( ၉ ) ဦးဟောက်ခန့်မန်

(၁၀) ဦးအောင်လင်းလှိုင်

(၁၁) ဒေါက်တာဂင်းမြင့်

(၁၂) ဒေါ်မိယဥ်ချမ်း

(၁၃) ဦးမိုးဇော်ဟိန်း

တို့နဲ့ တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစည်းအဝေး တတိယနေ့ ရပ်နားခြင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ (၄)ရက် ၊ သောကြာနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ (၄)ရက် ၊ သောကြာနေ့ နံနက် ၁၀း၀၀ နာရီ တိတိ အချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ထပ်မံအသိပေး တင်ပြ အပ်ပါတယ် ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး တတိယနေ့ကို နေ့လယ် ၁၁း၂၈ နာရီ အချိန်တွင် ရပ်နားပါသည်။]